**Burmese**
2023 ခုနှစ် မတ်လ

# မည်သို့ ဆေးကုသခံယူရပုံ

## ညအခါ၊ စနေ တနင်္ဂနွေ သို့မဟုတ် ပိတ်ရက်များ တွင်





ဩစတြေးလျနိုင်ငံ ဆေးကုပေးမှု စနစ်မှာ ရှုပ်ထွေးပါသည်။ သင် သို့မဟုတ် သင့် မိသားစု နေထိုင်မကောင်းဖြစ်လျှင် သင့်အနေဖြင့် မည်သည့်ဆေးကုခန်းကို အသုံးပြုရမည်၊ ဆေးခန်းဖွင့်ချိန်များနှင့် မည်မျှကုန်ကျမည်ကို သိရှိရန်လိုအပ်ပါသည်။ ဩစတြေးလျနိုင်ငံတွင် ပုံမှန် ရုံးချိန်နောက်ပိုင်း၌ မည်သို့ဆေးကုခံရသည့်အကြောင်း ပိုလေ့လာရန် ဤစာရွက်စာတမ်းအားဖြင့် သင့်အား အထောက်အကူပြုပါမည်။

**ဗစ်တိုးရီးယားပြည်နယ်ရှိ ခိုလှုံခွင့်လျှောက်ထားသူများအတွက် သတိပေးချက်**-
သင် ဆေးရုံ အရေးပေါ်လူနာဌာနတွင် အခမဲ့ ဆေးကုသခံယူနိုင်သည်။ အခြား ဆေးကုခန်းများတွင် သင် ဆေးကုနိုင်သည်မှာ သင်၏ ကိုင်ဆောင်ထားသော ဗီဇာအပေါ် မူတည်ပါသည်။ သင် ဆေးကုခံယူနိုင်သည့် ဝန်ဆောင်မှုများမှာ အချိန်အားလျော်စွာ ပြောင်းလဲသွားနိုင်သည်၊ ထို့ကြောင့် သင် ကုသနိုင်သည်များကို သိရှိရန် သင်၏ အကျိုးဆောင်လုပ်သားနှင့် စိစစ်ပါ။

## သင် နေထိုင်မကောင်းလျှင် ဘာလုပ်ရမည် သင့် ဆရာဝန်မှာ ဆေးခန်းပိတ်သွားသော

**ညအခါ၊ စနေ တနင်္ဂနွေ သို့မဟုတ် ပိတ်ရက်များတွင် အကယ်၍ သင် နေထိုင်မကောင်းဖြစ်ပြီး ဆရာဝန်နှင့်ပြသလိုလျှင် ဤအခမဲ့ ဆေးဘက်ဝန်ဆောင်မှုများအနက် တစ်ခုကို သင် အသုံးပြုနိုင်ပါသည်။**

**ဖုန်းဖြင့် အကူအညီရယူရန်အတွက်**-

- ဖုန်းဖြင့်ပြောသည့် သူနာပြု (Nurse on call) ဖုန်း 1300 60 60 24 (ဗစ်တိုးရီးယားတွင်)
- ရုံးချိန်-နောက်ပိုင်း GP ဖုန်းလိုင်း (healthdirect) ဖုန်း 1800 022 222

**အိမ်လာရောက်ကြည့်ပေးသည့် ဆရာဝန်လိုအပ်လျှင်**-

- အိမ်ဆရာဝန် (The Home Doctor) ဖုန်း 13 74 25 (ဗစ်တိုးရီးယားတွင်)

**အင်္ဂလိပ်စကား မပြောတတ်လျှင် ဤဝန်ဆောင်မှုများကို ဆက်သွယ်ရန် စကားပြန်တစ်ဦးမှ သင့်ကို အခမဲ့ကူညီပေးနိုင်သည်။**

STEP 1 TIS ဖုန်း 131 450 ကို ဆက်ပြီး စကားပြန်ကို တောင်းဆိုပါ။

STEP 2 TIS စကားပြန်အား သင် စကားပြောလိုသည့် ဝန်ဆောင်ဌာနကို ဖုန်းခေါ်ခိုင်းပါ။

2023 ခုနှစ် မတ်လတွင် ထုတ်ဝေသည်။

# ဆေးရုံ
# အရေးပေါ်လူနာ ဌာန

အရေးပေါ်လူနာ ဌာနများမှာ အောက်ပါတို့ကဲ့သို့ ချက်ချင်း စမ်းသပ်ကြည့်ရှုပေးရန် လိုအပ်သည့် အရေးပေါ်ကျန်းမာရေးပြဿနာများအတွက် ဖြစ်သည်-

- သင် အသက်ရှုကျပ်နေခြင်း။
- သင် သွေးယိုထွက်နေပြီး သွေးမတိတ်ခြင်း။
- သင် အရိုးကျိုးခြင်း သို့မဟုတ် ခေါင်း ဒဏ်ရာရခြင်း။
- သင် ရင်ဘတ်အောင့်နေခြင်း။

**သင့်တွင် အရေးပေါ်ကျန်းမာရေးပြဿနာရှိလျှင် လူနာတင်ယာဉ်ခေါ်ရန် ဖုန်း 000 ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် အနီးဆုံး ဆေးရုံ အရေးပေါ်လူနာ ဌာနသို့ သွားပါ။**

အရေးပေါ်လူနာ ဌာနများကို အမြဲဖွင့်ထားပါသည် - **နေ့တိုင်း - တစ်နေကုန်တစ်ညလုံး။** သို့သော် သင် အရေးပေါ်လူနာ ဌာနတွင် အချိန်အကြာကြီးစောင့်ဆိုင်းရနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အရင်ရောက်သော လူနာများကို အစဉ်လိုက်ကြည့်ပေးသည် မဟုတ်ဘဲ နာမကျန်း အဖြစ်ဆုံး လူနာများကို ဦးစွာ ကြည့်ရှုပေးရသောကြောင့် ဖြစ်သည်။

**သင် အရေးပေါ်လူနာ ဌာနသို့ သွားရောက်သည့်အခါ-**

- သင့် Medicare ကတ်ပြားနှင့် ကျန်းမာရေး စောင့်ရှောက်မှု ကတ်ပြားကို သင့်တွင်ရှိလျှင် ယူဆောင်သွားပါ။
- လိုအပ်လျှင် စကားပြန်ကို တောင်းဆိုပါ။
- တစ်ခုခု မစားမီ မသောက်မီ ဝန်ထမ်း တစ်ယောက်ကို မေးမြန်းပါ။

**ဖုန်းနံပါတ် 000 မှာ မည်သည့်ဖုန်းနှင့်ခေါ်သည်ဖြစ်စေ အမြဲ အခမဲ့ ဖြစ်သည်။**




# လူနာတင်ယာဉ်
## မည်သည့်ကျန်းမာရေး အရေးပေါ်ကိစ္စတွင်မဆို လူနာတင်ယာဉ်အတွက် ဖုန်း 000 ကို ခေါ်ဆိုပါ။

ကျန်းမာရေး အရေးပေါ်ကိစ္စဆိုသည်မှာ သင် သို့မဟုတ် အခြားသူတစ်ဦး အကြီးအကျယ် နာမကျန်းဖြစ်ပြီး သို့မဟုတ် ဒဏ်ရာရပြီး အလွန်မြန်မြန်ဆန်ဆန် ကုသမှုလိုအပ်သည့်အခါကို ဆိုလိုသည်။

**အောက်ပါကိစ္စ၌ လူနာတင်ယာဉ်ကို မခေါ်ပါနှင့်-**

- အလွန်မြန်မြန်ဆန်ဆန် ကုသပေးရန် မလိုအပ်လျှင်
- အရေးပေါ်ကိစ္စ မဟုတ်သည့် ဆေးခန်း ရက်ချိန်းသွားရန်အတွက် ကားနှင့်ပို့ပေးရန် လိုအပ်လျှင်
- အရေးပေါ်လူနာ ဌာနသို့ ကိုယ်တိုင် သွားရောက်နိုင်လျှင် တို့ဖြစ်သည်။




**လူနာတင်ယာဉ် ဝန်ဆောင်မှုများမှာ အလွန် ကုန်ကျစရိတ်ကြီးနိုင်သည်။**

အချို့ပြည်နယ်များတွင် အောက်ပါကိစ္စ၌ လူနာတင်ယာဉ်ကို အခမဲ့ ရနိုင်သည်-

- သင့်တွင် Centrelink ကျန်းမာရေး စောင့်ရှောက်မှု ကတ်ပြား ရှိလျှင်
- သင့်တွင် အငြိမ်းစား လျှော့ဈေး သက်သာခွင့် ကတ်ပြား ရှိလျှင်
- သင်သည် သင့်ပြည်နယ်၏ လူနာတင်ယာဉ် ဝန်ဆောင်မှု၏ အဖွဲ့ဝင်ဖြစ်လျှင်။
- လူနာတင်ယာဉ် အကျုံးဝင်သည့် ပုဂ္ဂလိက အာမခံ ရှိလျှင် တို့ဖြစ်သည်။

**Medicare သည် လူနာတင်ယာဉ်အတွက် ကုန်ကျငွေ မပေးပါ။**

ဤအရင်းအမြစ်ကို ကူညီသတင်းဖြန့်ပေးခဲ့သည့် ACT အစိုးရက ထုတ်ဝေသော ဤစာစောင် 'Using health services in the ACT' ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

centre for culture, ethnicity & health